# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)

## တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီ ၁၇ ရက်အထိ)

### တိုက်ပွဲဖြစ်ပွားမှု၊ အရပ်သားသေဆုံးမှုနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ၊ တိုက်ပွဲများကြောင့် အရပ်သား သေဆုံးရမှုများနှင့် အရပ်သား ထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၀၂၁ ခုနှစ် ဧပြီ ဒုတိယပတ်ကာလတွင် ၂၇ ဦး သေဆုံးခဲ့ရပြီး ထိုပမာဏသည် ၂၀၂၁ ခုနှစ် ပထမ လေးလပတ်အတွင်း အများဆုံးသေဆုံးရမှု ဖြစ်လာသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၈ ရက်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အရပ်သားသေဆုံးသူ ၂၄ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၇ ကိုရှု)** ရှိခဲ့ပြီး ယခုတပတ်တွင် ၂၇ ဦးကျော် ဖြစ်လာသည့်အတွက် တပတ်အတွင်း သုံးဦး တိုးလာခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)

## တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားသောတိုက်ပွဲများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင်ဖြစ်ပွားခဲ့သောတိုက်ပွဲ စုစုပေါင်း ၇၅ ကြိမ်ထက်မနည်း ရှိခဲ့ပါသည်။ အများစုမှာ ကရင်ပြည်နယ်အတွင်းရှိ KNU နယ်မြေများ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၈ ရက်အတွင်း တိုက်ပွဲဖြစ်ပွားမှု ၆၉ ကြိမ်ထက်မနည်း **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၇ကိုရှု)** ရှိခဲ့ရာမှ ယခုတပတ်အတွင်း ၇၅ ကြိမ်ထက်မနည်း ရှိလာခဲ့သောကြောင့် တပတ်အတွင်း တိုက်ပွဲခြောက်ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတို့တွင် အာဏာသိမ်း စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)

တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ပြီ ၁၇ ရက်အထိ)

### စစ်ပြေးဒုက္ခသည်အရေအတွက်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ
၂၀၂၁ ခုနှစ် ဇန်နဝါရီအထိရှိသော
အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ
စစ်အာဏာသိမ်းပြီးနောက်
တိုးလာသည့်အရေအတွက်

တိုင်းရင်းသားဒေသများတွင်ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ စစ်ဘေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ပြီ ၁၇ ရက်အထိ စုစုပေါင်း ၄၀၂,၁၀၁ ကျော်ရှိလာသည်။ အဆိုပါ ပမာဏအနက် ၃၄,၆၀၁ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက် ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ပြီ ၈ ရက်အထိ စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ၃၂,၀၃၀ ကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၇ကိုရှု**) ရှိခဲ့ရာမှ ယခုတပတ်အတွင်း ၃၄,၆၀၁ ကျော်အထိ ရှိလာသောကြောင့် တပတ်အတွင်း စစ်ဘေးရှောင်ဒုက္ခသည် ၂,၅၇၁ ဦးကျော် တိုးလာခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏
ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)

တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ပြေီ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကရင်ပြည်နယ်အတွင်းတွင် စစ်ပြေးဒုက္ခသည်အရေအတွက် ပိုမိုများပြားလာခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ပြေီ ၈ ရက်အထိ ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်ဒုက္ခသည် ၃၀,၀၀၀ကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၇ကိုရှု**) ရှိခဲ့ရာမှ ယခုတပတ်တွင် ၃၂,၀၀၀ ကျော်အထိ ရှိလာသောကြောင့် ကရင်ပြည်နယ်တွင် တပတ်အတွင်း စစ်ဘေးရှောင်ဒုက္ခသည် ၂,၀၀၀ ကျော် တိုးလာခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီဘက်မှ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်နှင့် ဘူးသိုမြို့နယ်အတွင်း ဖာပွန်-ကမမောင်း လမ်းမကြီးနှင့်နီးသည့် ရွာပေါင်း၃၀ကျော်မှဒေသခံ ၂,၀၀၀ကျော်မှာ ပြေီ၁၄ရက်တွင်ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)
တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော
တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကချင်ပြည်နယ်**

ဧပြီ ၁၄ ရက်တွင် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အာဏာသိမ်း စစ်ကောင်စီတပ်မှ စစ်ကြောင်းများ တိုးချဲ့လာခြင်းကြောင့် ကျေးရွာအသီးသီးမှ ဒေသခံပြည်သူ ၂၇၁ ဦး ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

---

**ရှမ်းပြည်နယ်မြောက်ပိုင်း**

လားရှိုးမြို့နယ်၊ နောင်မွန်ရဲကင်းစခန်းအား ဧပြီ ၁၀ ရက်တွင် ညီနောင်မဟာမိတ်သုံးဖွဲ့ ဖြစ်သည့် AA၊ TNLA နှင့် MNDAA တို့ ဝင်ရောက်တိုက်ခိုက်အပြီး တိုက်ပွဲများ ဆက်လက် ဖြစ်ပွားမည်ကို စိုးရိမ်၍ အနီးပတ်ဝန်းကျင်ရှိ ဒေသခံ ၃၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ သည်။

---

**ကရင်ပြည်နယ်**

အာဏာသိမ်းစစ်ကောင်စီနှင့် KNU တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားမှုကြောင့် ဧပြီ ၁၄ ရက်တွင် ဖာပွန်-ကမမောင်း လမ်းမကြီးအနီးရှိ ဒေသခံ ၂,၀၀၀ ကျော် ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၁)

## တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားသော တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှု ၃၄ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၇၂ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက် ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး သေဆုံးခဲ့ပြီး မတ်တွင် ၁၆ ဦး သေဆုံးခဲ့ပါသည်။ ဧပြီ ၁ ရက်မှ ၁၇ ရက်အတွင်း သေဆုံးရသူ ၂၇ ဦး ရှိခဲ့သည့်အတွက် ယခုလအတွင်း သေဆုံးရမှုမှာ အများဆုံးဖြစ်ခဲ့သည်။ မတ် ၂၇ ရက်မှ ဧပြီ ၁၇ ရက်အတွင်း စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အရပ်သားအရေအတွက်မှာ ၂၂ ဦးကျော် ရှိခဲ့ပြီး ဒဏ်ရာရသူ ၂၈ ဦးကျော် ရှိခဲ့ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၈ ရက်အတွင်း ရှိခဲ့သော ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက (**အလေးထားရမည့် အကြောင်း အချက်များ အမှတ်-၁၇ကိုရှု**) ယခုတပတ်အတွင်း အရပ်သားပြည်သူ သေဆုံးမှု သုံးဦးထက်မနည်း၊ ထိခိုက်ဒဏ်ရာရရှိသူ တဦးထက်မနည်း အသီးသီးရှိခဲ့သည့်အပြင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် အရပ်သားပြည်သူ နှစ်ဦးထက်မနည်း အသီးသီး တိုးလာခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဧပြီအထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများကြောင့် အရပ်သား သေဆုံးရမှုမှာ ၂၄၃ ဦးကျော်ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၁၀ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်း ဖက် အင်အားသုံး ဖြိုခွင်းမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ဧပြီ ၁၇ ရက်အတွင်း သေဆုံးရသူ ၇၃၀ ဦးကျော် ရှိလာခဲ့ပါသည်။




ရည်ညွှန်း - ဖော်ပြပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။